

မင်းမြတ်သူရ
ငရဲတွင်း

# အခန်း(၁)

တစ်နေ့သ၌ ကျွန်ုပ်နှင့် ဂျမဒါမင်းထင်သည် ဘုန်းကြီးလမ်း တိုက်ခန်း၏ ဝရန်တာ၌ ထိုင်နေရင်း ပလက်ဖောင်းပေါ်ရှိလူများကို ငေးမောကြည့်ရှုနေလေ၏။ ထိုသို့ကြည့်ရှုရင်း ဂျမဒါ မင်းထင်က

" ဒီဝရန်တာမှာထိုင်ပြီး လူတွေကို လေ့လာရတာ ကျုပ် ဝါသနာဗျ "

ဟုပြောလိုက်ရာ ကျွန်ုပ်က ပလက်ဖောင်း၌ လျှောက်လှမ်းလာသော လူနှစ်ဦးကို ကြည့်၍

" ဒါဆိုရင် ဟိုမှာ လမ်းလျှောက်လာတဲ့ လူနှစ်ယောက်ကို ဂျမဒါရဲ့ စုံထောက်ပညာစွမ်းနဲ့ အကဲခတ်ကြည့်စမ်းပါ "

ဟု ဆိုလိုက်၏။ ဂျမဒါမင်းထင်သည် လူနှစ်ဦးကို မျက်လုံးဝေ့ကြည့်၍

" လွယ်ပါတယ်ဗျာ၊ ညာဘက်က လျှောက်လာတဲ့လူက ဘိလိယက်ခုံက လာတာဗျ၊ ကျန် တစ်ယောက်ကတော့ ဆိုင်းသမားဗျ၊ ဇာတ်ခေါင်းကွဲလာပုံရတယ်၊ ဆိုင်းသမားက မိန်းမသေသွား တာ မကြာသေးဘူး။ မုဆိုးဖိုဖြစ်ပုံရတယ်၊ ကလေးနှစ်ယောက်လဲ ရှိပုံရတယ်၊ သားတစ်ယောက် သမီးတစ်ယောက်ဗျ "

ဟု ဆိုလိုက်ရာ ကျွန်ုပ်သည် ဂျမဒါမင်းထင်၏ စုံထောက်ပညာစွမ်းကို အံ့မခန်းဖြစ်သွားပြီး

" မျက်လုံးလေးတစ်ချက် ဝေ့ကြည့်ရုံနဲ့ ဂျမဒါပြောတာ စုံလိုက်တာ၊ ဘယ်လိုများ အကဲ ဖြတ်လိုက်တာလဲဗျာ "

ဟု မေးမြန်းလိုက်လေ၏။

ဂျမဒါမင်းထင်က ခေါင်းညိတ်၍

“ ဒါ မခက်ပါဘူးဗျာ၊ ညာဘက်ကလူရဲ့ ကုတ်အကျႌပေါ်မှာ မြေဖြူမှုန့်ကလေးတွေ တင် ကျန်နေတယ်ဗျ၊ ဒါဟာ ဘိလိယက်ခုံက လာတာဆိုတာ ပြနေတာဗျ၊ ကျန်တဲ့တစ်ယောက်က လွယ်အိတ်ထဲမှာ နဲ့ကြိုးတစ်လက် ထည့်ထားတယ်၊ ဒါဟာ ဆိုင်းသမားဖြစ်ကြောင်း ပြနေတာဗျ၊ ဆိုင်းသမားရဲ့ အဝတ်စားတွေက နည်းနည်းနွမ်းပါးနေလို့ ဇာတ်ခေါင်းကွဲလာတယ်လို့ ခန့်မှန်းလိုက်တာဗျ၊ နောက်ပြီးတော့ ဆိုင်းသမားရဲ့မျက်နှာက မသာယာဘူး။ သူ့မျက်နှာ ညှိုးနွမ်းနေပုံထောက် တော့ ချစ်ခင်နှစ်သက်သူတစ်ယောက် ဆုံးပါးသွားတာ ကြာသေးပုံမရဘူး၊ နောက်ပြီးတော့ သူ့ လက်ထဲက ခြင်းထဲမှာ ဈေးက ဟင်းသီးဟင်းရွက်တွေ ဝယ်လာတယ်ဗျ၊ ဒါကို ကြည့်ခြင်းဖြင့် မိန်းမ ဆုံးသွားတယ်ဆိုတာ သေချာပါတယ်။ ဆိုင်းသမားရဲ့ လွယ်အိတ်ထဲမှာ ဘိုမရုပ်ကလေး တစ်ရုပ်နဲ့ ဝါးသေနတ်တစ်လက် တွေ့ရတယ်၊ ဒါဟာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ်ဆိုတာ ပြနေတာဗျ ”

ဟု ရှင်းလင်းပြလေရာ ကျွန်ုပ်က သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍

“ ဂျမဒါ ရှင်းပြတော့လဲ လွယ်လွယ်လေးပါလားဗျ၊ ဒါဆိုရင် ဟိုမှာ လျှောက်လာတဲ့ လူကို ကြည့်ပြီး အကဲခတ်ပြပါဦး ”

ဟု ပြောလိုက်လေ၏။

ဂျမဒါမင်းထင်သည် ပလက်ဖောင်းပေါ်၌ လျှောက်လှမ်းလာသူကို ကြည့်၍

“ စစ်တပ်ကထွက်လာတာ မကြာသေးဘူးဗျ၊ အရာရှိထဲက ဖြစ်ပုံရတယ် ”

ဟု ပြောလိုက်ရာ ကျွန်ုပ်က အံ့သြဟန်ဖြင့်ကြည့်၍

“ ဘယ်လိုများ ပြောလိုက်တာလဲဗျာ ”

ဟု မေးမြန်းလိုက်လေ၏ ။

ဂျမဒါမင်းထင်က ထိုသူ၏ နောက်ကျောကိုကြည့်၍

“ သူ့ရဲ့လမ်းလျှောက်ဟန်နဲ့ မျက်နှာပေါက်ကိုကြည့်ရတာ အမိန့်ပေးချင်တဲ့ပုံစံမျိုး ပေါက်နေ တယ်၊ ဒါကြောင့် စစ်တပ်က အရာရှိ လူထွက်တစ်ယောက်လို့ ပြောတာဗျ ”

ဟု ဆိုလိုက်ရာ ကျွန်ုပ်က ဂျမဒါမင်းထင်ကို ချီးကျူးဟန်ဖြင့် ကြည့်၍

“ ဂျမဒါရဲ့ စုံထောက်ဉာဏ်ရည်ကတော့ လက်ဖျားခါလောက်တယ်ဗျာ၊ ဒီနေ့ ကျုပ်တို့ဆီကို ဘယ်လိုအမှုမျိုး ရောက်လာမလဲ မသိဘူး ”

ဟု ပြောလိုက်လေ၏ ။

ထိုအခိုက်မှာပင် ဂျမဒါမင်းထင်က ပလက်ဖောင်းဆီသို့ ကြည့်၍

“ ပြောရင်းဆိုရင်း ကျုပ်တို့ဆီကို အမှုသည်တစ်ယောက် လာပြီဗျို့၊ သူ့ရဲ့လက်ဆွဲသေတ္တာ ကို ကြည့်ရတာ တောဆရာဝန် တစ်ယောက်နဲ့တူတယ်၊ ဧည့်သည်ကို ဧည့်ခံဖို့ တစ်ခုခု စီစဉ်ဗျာ ”

ဟု ဆိုလိုက်၏ ။

ထိုအခါ ကျွန်ုပ်လည်း တောဆရာဝန်ကို ဧည့်ခံရန် ကော်ဖီတစ်ခွက်ကို ကမန်းကတန်း ဖျော်ရလေ၏ ။

ခဏကြာလျှင် တံခါးခေါက်သံကြားရသဖြင့် ဂျမဒါမင်းထင်က တံခါးဖွင့်ပေးလိုက်ရာ တံခါးဝ၌ တောဆရာဝန်ကို တွေ့ရလေ၏ ။ ဂျမဒါမင်းထင်က တောဆရာဝန်ကို ကြည့်၍

“ ထိုင်ပါဗျာ၊ ကျုပ်က ဂျမဒါမင်းထင်ပါ၊ ဘာများ အကူအညီပေးရမှာလဲ ”

ဟု ပြောလိုက်လေ၏။ တောဆရာဝန်သည် ညှော့ခန်း၌ ဝင်ထိုင်လိုက်ပြီး

“ ကျုပ်နာမည် ဦးငွေစိုးလို့ ခေါ်ပါတယ်။ သာစည်မြို့အနီးက ရွာလေးတစ်ရွာမှာ ဆရာဝန် အလုပ်ကို လုပ်ပါတယ် ”

ဟု ဆိုလိုက်ရာ ဂျမဒါမင်းထင်နှင့် ကျွန်ုပ်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးရယ်လိုက်ကြလေ၏ ။

ဒေါက်တာဦးငွေစိုးက ကျွန်ုပ်တို့နှစ်ယောက်ကို နားမလည်ဟန်ဖြင့်ကြည့်၍ သူ၏ စကားကို ဆက်ပြန်၏ ။

“ ဂျမဒါမင်းထင်ရဲ့အကြောင်းကို ကြားဖူးနေတာ ကြာပါပြီ၊ ကျုပ်မှာ အလွန်ထူးခြားဆန်း ကြယ်တဲ့ ဖြစ်ရပ်တစ်ခုနဲ့ ကြုံတွေ့နေလို့ ဂျမဒါမင်းထင်ဆီမှာ အကူအညီတောင်းမလို့ပါ ”

ဟု ပြောလေ၏ ။ ဂျမဒါမင်းထင်က စိတ်ဝင်စားဟန်ဖြင့် နားထောင်၍

“ ပြောပါဒေါက်တာ၊ ကျုပ် အတတ်နိုင်ဆုံး ကူညီပါမယ် ”

ဟု ပြောလေ၏ ။

ဒေါက်တာဦးငွေစိုးက အိတ်ထဲတွင်ရှိသော သားရေဖုံးစာအုပ် တစ်အုပ်ကို ထုတ်၍

“ ဒီသားရေဖုံးစာအုပ်ထဲက အကြောင်းအရာတွေကို ကျုပ်ရဲ့လူနာ ဦးဘိုးစံဆိုတဲ့ ပုဂ္ဂိုလ် ရေးသားခဲ့တာပါ၊ ဦးဘိုးစံက လွန်ခဲ့တဲ့ သုံးလလောက်က ကွယ်လွန်သွားပါပြီ၊ ဒီမှတ်တမ်းထဲမှာ ဦးဘိုးစံတို့ ဆွေစဉ်မျိုးဆက် ကြုံတွေ့ခဲ့ရတဲ့ အလွန်ထူးခြားဆန်းကြယ်ပြီး မယုံနိုင်စရာကောင်းတဲ့ ဖြစ်ရပ်တွေပါ ပါတယ်။ ဒီမှတ်တမ်းကို ဂျမဒါမင်းထင် အရင်ဆုံး ဖတ်ကြည့်စေချင်ပါတယ် ”

ဟု ဆိုကာ ဂျမဒါမင်းထင်ဒလက်သို့ သားရေဖုံးစာအုပ်ကို ကမ်းပေးလိုက်လေ၏။

ဂျမဒါမင်းထင်သည် သားရေဖုံးစာအုပ်ကို ယူ၍ ဖွင့်ဖတ်လိုက်၏။ စာအုပ်၏ ပထမဆုံး စာမျက်နှာ၌

လယ်ပိုင်ရှင် ဦးဘိုးစံ၏ မှတ်တမ်း

ဟု ရေးသားထားလေ၏။

*

ဂျမဒါမင်းထင်နှင့် ကျွန်ုပ်သည် ဒေါက်တာဦးငွေစိုး ပေးအပ်သော လယ်ပိုင်ရှင် ဦးဘိုးစံ၏ မှတ်တမ်းကို ဖတ်ရှုကြလေ၏။

ဤမှတ်တမ်း၌ ပါဝင်သောအကြောင်းအရာများသည် ကျွန်ုပ်တို့မျိုးဆက်များ တစ်ဆက်ကို တစ်ဆက် ပြောပြခဲ့သော မယုံနိုင်ဖွယ် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များပင် ဖြစ်ပါသည်။

ဤမှတ်တမ်းပါ အကြောင်းအရာများကို ဖတ်ရှု၍ နောင်လာနောင်သားများ တရားသံဝေဂ ရရန် ရည်သန်၍ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဤရွာ၌ ရှိသော ကျွန်ုပ်တို့မျိုးရိုးစဉ်ဆက် ပိုင်ခဲ့သော အိမ်ကြီးသည် ပုဂံမင်းလက်ထက်ကပင် စတင်တည်ဆောက်ခဲ့ကြောင်း အမှတ်အသားရှိပါသည်။

ထိုအိမ်ကြီး၏ ပိုင်ရှင်မှာ ကျွန်ုပ်၏ ဘိတော်စပ်သူ ဦးသာရဆိုသူ ဖြစ်၏။

ဦးသာရသည် ဤဒေသတစ်ဝိုက်၌ လယ်မြေကေများစွာ

လက်ညှိုးထိုးမလွဲအောင် ပိုင်ဆိုင် ပြီး စည်းစိမ်ဥစ္စာ ချမ်းသာသည်နှင့်အမျှ တပည့်တပန်းများထားရှိပြီး သောက်စားမူးယစ်နေသူ ဖြစ်၏။

ဦးသာရသည် ချမ်းသာကြွယ်ဝသူပီပီ ကြွေအံကစားခြင်း၊ ကြက်တိုက်ခြင်း စသည့် လောင်း ကစားခြင်း အမှုများကိုလည်း ပြုလုပ်တတ်သူဖြစ်၏။

ဦးသာရ၏ တပည့်တပန်းများသည် လူဆိုး လူမိုက် အချို့ပါဝင်ပြီး ဤနယ်တစ်ဝိုက် လူများ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့သူများဖြစ်၏။

တစ်နေ့သ၌ ဦးသာရသည် တစ်ရွာသူ မိန်းမလှလေး ခင်နှောင်းကို အလှူပွဲတစ်ပွဲ၌ ဆုံတွေ့ ပြီး အကြီးအကျယ် မျက်စိကျသွားလေ၏။

ထို့ကြောင့် မိမိ၏ စည်းစိမ်ဥစ္စာအားကိုးနှင့် မိန်းမလှလေး ခင်နှောင်းကို သိမ်းပိုက်ရန် ကြိုးစားလေ၏။

သို့သော် မိန်းမလှလေး ခင်နှောင်းသည် စည်းစိမ်ဥစ္စာမက်မောသူမဟုတ်ဘဲ အကျင့်စာရိတ္တာ ပျက်ပြားနေသော အဖေအရွယ် သက်ကြားအိုကို မယူနိုင်ဟု အတိအလင်း ငြင်းဆိုလိုက်လေ၏။

ခင်နှောင်း၏ ငြင်းပယ်စကားကြောင့် ဦးသာရ၏ ရင်ထဲ၌ ဆတ်ဆတ်ခါမျှ နာကျင်သွားပြီး သူမကို မရ ရအောင် သိမ်းပိုက်မည်ဟု ကြုံးဝါးလိုက်လေ၏။

တစ်နေ့သောအခါ ခင်နှောင်းတို့မိသားစု ဘုရားပွဲမှ အပြန်၌ ဦးသာရ၏ တပည့်များသည် ဓားပြများအသွင်ဆောင်၍ ခင်နှောင်းကို အတင်းအဓမ္မ ခေါ်ဆောင်သွားလေ၏။

ပြီးနောက် မိန်းမလှခင်နှောင်းကို ကျွန်ုပ်တို့ ဆွေစဉ်မျိုးဆက် နေထိုင်သော အိမ်ကြီး၌ ပိတ် လှောင်ထားကာ သူမ၏ အပျိုစင်ဘဝကို ရယူခဲ့လေ၏

။

မိန်းမလှခင်နှောင်းသည် မတတ်သာ၍ မာန်ကိုလျှော့ခဲ့ရလေ၏ ။

သို့သော် အခါအခွင့်သင့်လျှင် ဦးသာရလက်မှ လွတ်မြောက်ထွက်ပြေးရန် ကြံစည်ထား လေ၏ ။

တစ်နေ့ ဦးသာရနှင့် တပည့်များ အိမ်ကြီး၏ အောက်ထပ်၌ ကြွေအံကစားနေစဉ် ခင်နှောင်း သည် လေသာဆောင်မှ ခိုတွယ်၍ ဆင်းပြီး မိုင်အနည်းငယ်ကွာလှမ်းသော သူမ၏ ရွာသို့ ထွက်ပြေး လေ၏ ။

ဦးသာရသည် ကြွေအံကစား၍ ပျင်းရိလာသောအခါ မိန်းမလှ ခင်နှောင်းနှင့် ချစ်ပွဲဝင်ရန် အိပ်ခန်းထဲသို့ ဝင်လာခဲ့၏ ။ ထိုအခါ အိပ်ခန်းထဲ၌ ခင်နှောင်းကို မတွေ့ရဘဲ ထွက်ပြေးလွတ်မြောက် သွားကြောင်း သိရှိသွားလေ၏ ။

ဦးသာရသည် အရက်အမူးလွန်နေပြီး ကြမ်းကြုတ်ရက်စက်တတ်သူဖြစ်သဖြင့် အမှားအမှန် ဝေဖန်ပိုင်းခြားခြင်း မရှိတော့ဘဲ ခင်နှောင်းကို မရ ရအောင်ရှာဖွေ၍ တွေ့ရာနေရာ၌ အသေသတ် ရန် ဆုံးဖြတ်လိုက်၏ ။

ထို့ကြောင့် လူဆိုးလူမိုက်များအား အော်ဟစ်ခေါ်ဝေါ်၍ " ဟိုကောင်မ ထွက်ပြေးသွားပြီ၊ သူ့ကို သားကောင်လိုသဘောထားပြီး အမဲလိုက်ရမယ်၊ အမဲလိုက်ခွေးတွေ အသင့်ပြင်ထားဟေ့ " ဟု အမိန့်ပေးလိုက်၏ ။ ဦးသာရသည် အမဲလိုက် ဝါသနာထုံသူဖြစ်သဖြင့် သူ၏ အိမ်ကြီး၌ အမဲလိုက် ခွေးနှစ်ကောင်ကို မွေးမြူထား၏ ။

ဦးသာရသည် အမဲလိုက်ခွေးများအနီးသို့ ရောက်လာသောအခါ မခင်နှောင်း၏ ပဝါတစ် ထည်ကို အမဲလိုက်ခွေးများအား နမ်းရှူ့စေ၍

" ငါ့သားကြီးတွေ၊ ဟောဒီပဝါရှင် မိန်းမကို တွေ့ရင် အသေသာ

ကိုက်သတ်ပေတော့ ” ဟု အမိန့်ပေးလိုက်လေ၏ ။ ထို့နောက် ဒေါသစိတ်ကြောင့် ဘီလူးစီးသကဲ့သို့ ဖြစ်နေသော ဦးသာရ သည် အမဲလိုက်ခွေးကြီးများကို လွှတ်၍ သူကိုယ်တိုင် မြင်းညိုကြီးစီးကာ အနောက်မှ လိုက် လေ၏ ။

ဦးသာရ၏ တပည့်များသည် ဒေါသတကြီး ထွက်ခွာသွားသော ဦးသာရ၏ အနောက် မြင်း ကိုယ်စီဖြင့် လိုက်ပါလာခဲ့ကြလေ၏ ။

သို့သော် ရက်စက်ကြမ်းကြုတ်သော စိတ်များ ဖုံးလွှမ်းနေသော ဦးသာရသည် အဝေးသို့ ရောက်ရှိနေပြီဖြစ်၏ ။

ဦးသာရ၏ တပည့်များသည် အတန်ကြာသောအခါ ဦးသာရနှင့် ခွေးများကို မျက်ခြေပြတ် သွားသဖြင့် နွားကျောင်းသားတစ်ယောက်ကို မေးမြန်းကြည့်လေ၏ ။

ထိုအခါ နွားကျောင်းသားက ညနေ နေဝင်လုဆဲဆဲအချိန်၌ အသက်လု၍ ပြေးလွှားနေ သော မိန်းမလှတစ်ဦးနှင့် မိန်းမလှ၏ အနောက်မှ လိုက်နေသော အမဲလိုက်ခွေးကြီးနှစ်ကောင်နှင့် မြင်းညိုကြီးကို စီးလာသော လူကြီးတစ်ဦးကို တွေ့ရကြောင်း၊ ထို့ပြင် ဦးသာရ၏ အနောက်သို့ လိုက်နေသော အလွန်သန်မာထွားကြိုင်းသည့် ခွေးနက်ကြီးတစ်ကောင်ကို မြင်လိုက်ရကြောင်း ပြောလေ၏ ။

ဦးသာရ၏ တပည့်များသည် နွားကျောင်းသား လမ်းညွှန်ရာအရပ်သို့ မြင်းများကို ကဆုန် စိုင်းပြီး လိုက်ကြရပြန်၏ ။

တစ်နေရာ၌ ဦးသာရ၏ တပည့်များသည် အလွန်ထူးခြားသော မြင်ကွင်းတစ်ရပ်ကို မြင် တွေ့လိုက်ရလေ၏ ။

ဦးသာရ၏ မြင်းနက်ကြီး ကြောက်လန့်တကြားဖြင့် ရွာဘက်သို့ ကဆုန်စိုင်းပြီး ပြန်ပြေး နေလေ၏ ။

မြင်းနက်ကြီးပေးတွင် လိုက်ပါလာသော ဦးသာရ မည်သည့်အရပ်၌ ကျကျန်ခဲ့သည် မသိချေ။

ဦးသရ၏ တပည့်များသည် ထိတ်လန့်ဖွယ်မြင်ကွင်းကြောင့် ရွာသို့ ပြန်လိုသော်လည်း ၎င်း တို့ဆရာ၏ အသက်ကို စိုးရိမ်လှသဖြင့် ညအမှောင်ထဲ၌ အဆုံးထိ လိုက်ကြလေ၏ ။

အတန်ကြာသောအခါ လရောင်အောင်၌ အမြီးများကုတ်၍ ထိတ်လန့်နေသော အမူအရာ ဖြင့် ရှိနေသော အမဲလိုက်ခွေးကြီးနှစ်ကောင်ကို မြင်ရပြန်၏ ။

အမဲလိုက်ခွေးကြီးများသည် လှိုကြီးတစ်ခုအတွင်းသို့ ထိတ်လန့်တကြား ကြည့်ရှုနေလေ၏ ။ ဦးသာရ၏ တပည့်များသည် တဖြည်းဖြည်း ထိတ်လန့်တုန်လှုပ်လာပြီး လှိုကြီးဘက်သို့ အရဲစွန့်၍ သွားကြလေ၏ ။

၎င်းတို့သည် လူအင်အားတောင့်တင်းလွန်းသဖြင့် လှိုကြီးထဲသို့ လိုက်ရဲခြင်းဖြစ်၏ ။ အတန် ကြာအောင် သွားပြီးနောက် မြေကြီးပေါ်၌ လဲကျသေဆုံးနေသော မခင်နှောင်း၏ အလောင်းကို တွေ့ ရလေ၏ ။ မခင်နှောင်းနှင့် မနီးမဝေး၌ ဦးသာရ၏ အလောင်းကိုလည်း တွေ့ရ၏ ။ ဦးသာရ၏ အလောင်းအနီး၌ အလွန်ထိတ်လန့်တုန်လှုပ်ဖွယ်မြင်ကွင်းကိုလည်း မြင်တွေ့လိုက်ရလေ၏ ။

ထိုမြင်ကွင်းမှာ ဦးသာရ၏ အလောင်းအနီး၌ ကျယ်လောင်သောအသံဖြင့် မာန်ဖီနေသော အလွန်ကြီးမားသည့် ခွေးနက်ကြီး တစ်ကောင်ပင်ဖြစ်၏ ။

ခွေးနက်ကြီးသည် ကြီးမားလွန်းသဖြင့် ကျွဲတစ်ကောင်နီးပါး ရှိနေလေ၏ ။ ခွေးနက်ကြီး၏ အသံမှာ အလွန်ကျယ်လောင်ပြီး မျက်လုံးများမှာ မီးကျီခဲကဲ့သို့ ရဲရဲနီနေလေ၏ ။

ထိုမြင်ကွင်းကိုကြည့်၍ ဦးသာရ၏ တပည့်များသည် အထိတ်တလန့်

အော်ဟစ်ကာ လှိုဏ်ကြီး ထဲမှ ထွက်ပြေးကြလေ၏။

ငင်းတို့စီးလာသော မြင်းများသည်လည်း ကြောက်လွန်းသဖြင့် သခင်၏ အမိန့်ကို မနာခံ တော့ဘဲ ရွာဆီသို့ ကဆုန်ပေါက်၍ ပြေးကြလေ၏။

ဦးသာရ၏ တပည့်တစ်ဦးမှာလည်း ကြောက်ဖျားဖျားပြီး ထိုညမှာပင် အသက်ဆုံးရလေ၏။ ကျန်သောတပည့်အချို့မှာလည်း ကြောက်ဖျားဖျားပြီး ဆေးဝါးများ ကုသရလေ၏။

အထက်ပါ ထိတ်လန့်ဖွယ်ဇာတ်လမ်းသည် ကျွန်ုပ်တို့ ဆွေစဉ်မျိုးဆက်တစ်လျှောက်လုံး ဒုက္ခဆင်းရဲ ကြုံတွေ့ခဲ့ရသော ငရဲခွေးကြီး၏ ဘဝဇာတ်ကြောင်းပင်ဖြစ်၏။

ကျွန်ုပ်၏ ဘိ ဦးသာရ၏ လက်ထက်မှစ၍ ကျွန်ုပ်၏ ဘေး ဦးကြာညွန့်သည်လည်းကောင်း၊ ကျွန်ုပ်၏ အဘိုး ဦးထွန်းလူသည်လည်းကောင်း၊ ကျွန်ုပ်၏ ဖခင် ဦးရွှေလူသည်လည်းကောင်း လူသာမန်များ သေဆုံးခြင်းနှင့် မသေဆုံးကြဘဲ ကြောက်မက်ဖွယ် ထူးခြားဆန်းကြယ်မှုများနှင့် သေဆုံးခြင်းကို ကျွန်ုပ်တို့ရွာရှိ ရှေ့မီနောက်မီ လူကြီးများ အသိပင်ဖြစ်၏။

ဤသို့ ကြောက်မက်ဖွယ်ကျိန်စာသင့်နေသော ကျွန်ုပ်တို့ မျိုးရိုးစဉ်ဆက် ကံကြမ္မာဆိုးကြီး ကို ကျွန်ုပ်၏ လက်ထက်မှစ၍ ရပ်တန့်ပစ်ချင်လှသဖြင့် ကျွန်ုပ်၏ နောက်ဆုံးမျိုးဆက် မထားရှိတော့ ဘဲ လူပျိုကြီးဘဝဖြင့် ဤဘဝမှာပင် အဆုံးသတ်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏ မှတ်တမ်း၏ အဆုံး၌ မှာကြားလိုသည်မှာ . . . ကျွနိုပ်တို့ရွာသားများ ငရဲခွေးကြီး ရှိသော သရဲလှိုဏ်သို့ မသွားကြရန်ပင် ဖြစ်ပါသည်။

*

# အခန်း(၂)

ဂျမဒါမင်းထင်နှင့် ကျွန်ုပ်သည် မှတ်တမ်းကို အဆုံးတိုင်အောင် ဖတ်ရှုလိုက်လေ၏။

ကျွန်ုပ်သည် လယ်ပိုင်ရှင်ဦးဘိုးစံ၏ အသည်းထိတ်ဖွယ်ကောင်းသော မှတ်တမ်းကို ဖတ်ရှု၍ လွန်စွာထိတ်လန့် အံ့သြသွားလေ၏။

ဤမှတ်တမ်း၏ အဆိုအရဆိုလျှင် ကျိန်စာသင့်နေသော ဆွေမျိုးစုသည် ကြောက်မက်ဖွယ် ငရဲခွေးကြီးတစ်ကောင်၏ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံနေရ၏။

ထိုအဖြစ်အပျက်သည် အမှန်တကယ်လော၊ စိတ်ကူးယဉ်အဖြစ်အပျက်ပင်လေသလော။

ထိုအခိုက်မှာပင် ဒေါက်တာဦးငွေစိုးက ဂျမဒါမင်းထင်ကို ကြည့်၍

“ ကျိန်စာသင့်နေတဲ့ ဆွေမျိုးစုတစ်စုကို ဘယ်လိုထင်သလဲ ”

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

“ ဦးဘိုးစံရဲ့မှတ်တမ်းကို ဖတ်ရတာ သည်းထိတ်ရင်ဖိုဆန်လွန်းတယ်၊ ကျိန်စာဆိုတဲ့အရာ ကို ကျုပ် ဘယ်လိုလက်ခံရမှာလဲ ”

ဟု ပြောလေရာ ဒေါက်တာဦးငွေစိုးက

“ သဘာဝလွန်စွမ်းအင်တွေကို ဂျမဒါမင်းထင် မယုံဘူးပေါ့ ”

ဟု ပြောလေ၏။

ဂျမဒါမင်းထင်က သက်ပြင်းချ၍

“ သဘာဝလွန်အစွမ်းတော်တော်များများကို အတိုင်းအတာတစ်ခုအထိ ကျုပ်လက်ခံပါ တယ်။ ဒါပေမဲ့ ဦးဘိုးစံတို့ ဆွေစဉ်မျိုးဆက်ရဲ့ ကြောက်မက်ဖွယ်အဖြစ်ဆိုးကို ကျုပ်လက်ခံလို့ မရဘူး ”

ဟု ပြောလေ၏ ။ ဒေါက်တာဦးငွေစိုးက ခေါင်းညိတ်၍

“ ဂျမဒါမင်းထင် ဒီလိုပြောမယ်ဆိုတာ ကျုပ် မျှော်လင့်ပြီးသားပါ၊ ဒါဆိုရင် လွန်ခဲ့တဲ့ သုံးလ လောက်က သေဆုံးသွားတဲ့ လယ်ပိုင်ရှင် ဦးဘိုးစံအကြောင်းကို သူကြီးဂေဇက်သတင်းစာမှာ ရေး ထားတာ ဖတ်ကြည့်ပါဦး ”

ဟု ပြောကာ သူ၏ အိတ်ထဲမှ သတင်းစာဖြတ်ပိုင်းတစ်ခုကို ယူလိုက်ပြီး ဂျမဒါမင်းထင်ရှိရာ သို့ ကမ်းပေးလိုက်လေ၏ ။

ဂျမဒါမင်းထင်နှင့် ကျွန်ုပ်က သတင်းစာဖြတ်ပိုင်းကို အတူတကွ ဖတ်ရှုကြည့်သောအခါ

သူစည်နယ် အုန်းတောရွာရှိ အလှူအတန်း ရက်ရောလှသော လယ်ပိုင်ရှင်သူဌေးကြီး ဦးဘိုးစံ ကွယ်လွန်သည့်အတွက် နယ်သူနယ်သားများ ပူဆွေးသောကရောက်နေကြောင်း ဦးဘိုးစံ သည် ဆင်းရဲသားများအပေါ် သနားဂရုဏာသက်လှပြီး ပေးကမ်းစွန့်ကြဲခြင်းများစွာ ရှိခဲ့ကြောင်း၊ ထို့ပြင် အုန်းတောရွာ၌ ရေတွင်းရေကန်များ တူးဖော်ခြင်း၊ ဘုရား၊ ကျောင်းကန်၊ ဇရပ်များ ပြုပြင် ခြင်း စသည့် ကုသိုလ်ကောင်းမှုအမျိုးမျိုး ပြုလုပ်ခဲ့သူဖြစ်ကြောင်း ဦးစွာဖော်ပြထားလေ၏ ။

ဦးဘိုးစံ သေဆုံးခဲ့ခြင်းမှာ သွေးရိုးသားရိုးမဟုတ်ဘဲ ထူးခြားစွာ သေဆုံးသွားသည့်အတွက် အုန်းတောတစ်ရွာလုံး နားမလည်နိုင်အောင် ဖြစ်ရကြောင်း၊ ဦးဘိုးစံ သေဆုံးမည့်ညက ညစာစားပြီး နောက် အိမ်ဝင်းထဲသို့ လမ်းလျှောက်ရန် ထွက်ခွာသွားကြောင်း၊ သို့သော် အချိန်တန်သည်အထိ ဦးဘိုးစံ

အိမ်ပေါ်သို့ ပြန်မတက်လာသဖြင့် တပည့်လင်မယားက အိမ်ဝင်းထဲတွင် လှည့်လည်ရှာဖွေ ကြကြောင်း၊ သို့သော် ဦးဘိုးစံကို အိမ်ဝင်းထဲ၌ မတွေ့ရသဖြင့် သတ္တိကောင်းသော ရွာသားများကို အသိပေးပြီး လိုက်လံရှာဖွေကြကြောင်း၊ ထိုသို့ ရှာဖွေရင်း ရွာပြင်ရှိ သူရဲခြောက်သည်ဆိုသော သရဲလှိုဏ်ကြီးအနီး လဲကျသေဆုံးနေသော ဦးဘိုးစံ၏ အလောင်းကို တွေ့ရကြောင်း၊ မည်သည့် ဒဏ်ရာမျှ မတွေ့ရသော်လည်း ဦးဘိုးစံ၏ မျက်နှာအမူအရာမှာ ကြောက်မက်ဖွယ်ရာ သူရဲတစ္ဆေကို တွေ့ရပြီး သေဆုံးသွားပုံရကြောင်း သတင်းစာထဲ၌ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသားထားလေ၏ ။

ထို့ပြင် ဦးဘိုးစံသည် လူပျိုကြီးဖြစ်သဖြင့် သားထောက်သမီးခံမရှိဘဲ အမွေပစ္စည်းများကို ညီဖြစ်သူ၏ သား မောင်စိန်သောင်းက အမွေဆက်ခံနိုင်ဖွယ်ရှိကြောင်း ဖော်ပြထားလေ၏ ။

ကျွန်ုပ်နှင့် ဂျမဒါမင်းထင်သည် လယ်ပိုင်ရှင်ဘိုးစံ သေဆုံးခြင်းအကြောင်းကို ရေးသားထား သော သတင်းစာဖြတ်ပိုင်းကို ဖတ်ရှုပြီးနောက် ဦးဘိုးစံရေးခဲ့သော မှတ်တမ်းကို ပြန်လည်သတိရပြီး ကျောထဲတွင် စိမ့်ခနဲ ခံစားရလေ၏ ။

ဦးဘိုးစံ၏ မှတ်တမ်းအဆုံး၌ မိမိ၏ ရွာသားများ ငရဲခွေးကြီးရှိသော ကြောက်မက်ဖွယ်လှိုဏ် ကြီးသို့ မသွားရန် မှာကြားခဲ့သည် မဟုတ်ပါလား။

ဦးဘိုးစံ၏ ဘီတော်စပ်သူ ဦးသာရသည်လည်း ကြောက်မက်ဖွယ် သူရဲလှိုဏ်ကြီး၌ ငရဲခွေးကြီး ၏ သတ်ဖြတ်ခြင်းခံခဲ့ရ၏ ။

ဦးဘိုးစံ၏ ရှေးကမျိုးဆက်များလည်း သွေးရိုးသားရိုး မဟုတ်ဘဲ ထူးဆန်းစွာ သေဆုံးကြ သည် ဆို၏ ။

ထိုအခါ ဒေါက်တာဦးငွေစိုးက ဂျမဒါမင်းထင်ကို ကြည့်၍

“ ကျုပ်မိတ်ဆွေ ဦးဘိုးစံ သေဆုံးရတာ သတင်းစာထဲမှာ

ပါတဲ့အတိုင်းပါပဲဗျာ၊ သူ့ရဲ့ ရှေး တုန်းက မျိုးဆက်တွေလိုပဲ ထူးထူးဆန်းဆန်း သေဆုံးသွားခဲ့တယ်၊ ဦးဘိုးစံရဲ့ မျိုးရိုးစဉ်ဆက် ကျိန်စာမိခဲ့တယ် ထင်တယ်ဗျ ”

ဟု ပြောလေရာ ဂျမဒါမင်းထင်က စိတ်ဝင်စားစွာ နားထောင်၍

“ ဒေါက်တာ ခေတ်ပညာတတ်တစ်ယောက်လုပ်နေပြီး ကျိန်စာကို လက်ခံတယ်ပေါ့ ”

ဟု သွေးတိုးစမ်းဟန်ဖြင့် မေးမြန်းလိုက်၏။

ဒေါက်တာဦးငွေစိုးက သက်ပြင်းချ၍

“ ကျုပ်က ခေတ်ပညာတတ်ဆရာဝန်တစ်ယောက်ဖြစ်နေတဲ့အတွက် ဦးဘိုးစံတို့မျိုးရိုးရဲ့ ကြောက်မက်ဖွယ်ကျိန်စာကို လူအများရှေ့မှာ မပြောဝံ့ဘူးဗျ၊ ကျုပ်လို လူအများက လေးစားကြည် ညိုရတဲ့ ဆရာဝန်တစ်ယောက်ဟာ ရှေးရိုးအယူအဆစွဲတွေကို လက်ခံထားတယ်ဆိုရင် လှောင် ပြောင်ခံရမှာစိုးတယ်ဗျ။ တကယ်တော့ အုန်းတောရွာမှာ ကျုပ်နဲ့ ဦးဘိုးစံဟာ စာဖတ်ဝါသနာပါသူ တွေဖြစ်တဲ့တွက် တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီး တိုင်ပင်ဆွေးနွေးခဲ့ကြတယ်၊ ကျုပ်တို့ နှစ်ယောက်ဟာ သိကျွမ်းခဲ့တာ မကြာသေးပေမယ့် ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးကျွမ်းဝင်ခဲ့ကြ တယ်။ နောက်ပြီးတော့ ဦးဘိုးစံရဲ့ နှလုံးရောဂါကို ကျုပ် ကုသနေတဲ့အတွက် တစ်ဦးနဲ့တစ်ဦး ပိုပြီး ရင်းနှီးကျွမ်းဝင်ခဲ့ကြတယ်။ ”

ဟု ပြောလေရာ ဂျမဒါမင်းထင်က ဝင်ရောက်၍

“ ဦးဘိုးစံရဲ့ ရောဂါဝေဒနာအခြေအနေက ဘယ်လိုရှိသလဲဗျ ”

ဟု မေးမြန်းလိုက်၏။ ဒေါက်တာဦးငွေစိုးက သက်ပြင်းချ၍

“ ဦးဘိုးစံက နှလုံးအားနည်းတဲ့ရောဂါပဲဗျ၊ သူ့ရောဂါအခြေအနေ အတော်လေး ကျွမ်းနေပြီ၊ ဦးဘိုးစံက ကျုပ်ကို သိပ်ရင်းနှီးတဲ့အတွက်

သူတို့မျိုးရိုးစဉ်ဆက် ငရဲခွေးကြီးတစ်ကောင်ရဲ့ ခြောက် လှန့်ခြင်းခံရပုံကို ပြောပြတယ်၊ သူကိုယ်တိုင်ရေးထားတဲ့ မှတ်တမ်းစာအုပ်ကိုလည်း ကျုပ်ကို ပေး ဖတ်ခဲ့တယ်၊ ဦးဘိုးစံဟာ သူတို့မျိုးရိုးစဉ်ဆက် ကြုံတွေ့ခဲ့တဲ့ ရွာပြင်က လျှိုကြီးကို အတော်ထိတ် လန့်တုန်လှုပ်နေတယ်၊ အကာလ ညအခါဆိုရင် သူရဲလျှိုကြီးကို ရွှေဒင်္ဂါးတစ်ထောင် ပေးမယ်ဆိုရင် တောင် မသွားဝံ့ဘူးလို့ ပြောတယ်၊ တစ်နေ့ ကျုပ်က ဦးဘိုးစံကို ကျီစယ်ချင်တဲ့အတွက် ကျုပ်ကို ရွှေဒင်္ဂါးတစ်ပြားပဲပေးဗျာ၊ သရဲလျှိုကို ကျုပ်ရအောင်သွားပြါမယ်လို့ ဆိုတော့ ဦးဘိုးစံက သူရဲလျှို ဟာ ကျုပ်တို့ မျိုးရိုးစဉ်ဆက်နဲ့ သက်ဆိုင်ခဲ့တဲ့အတွက် အပြင်လူတွေ အန္တရာယ်ကင်းနိုင်ပါလိမ့်မယ် လို့ ပြောခဲ့တယ် ”

ဟု ပြောလေ၏။ ကျွန်ုပ်သည် ဦးငွေစိုး၏ စကားကို စိတ်ဝင်တစား နားထောင်နေရာမှ ဦးငွေစိုးအတွက် ကော်ဖီခွက်ကို ငှဲ့ပေးလိုက်လေ၏။ ဦးငွေစိုးသည် ကော်ဖီကို တစ်ငုံသောက် လိုက်ပြီး

“ ဦးဘိုးစံဟာ တစ်ခါတလေမှာ ထူးဆန်းတဲ့မေးခွန်းမျိုးတွေ မေးတတ်တယ်၊ ညဥ့်နက် သန်းခေါင်အချိန်မှာ အလွန်ကျယ်လောင်တဲ့ ခွေးအူသံကြီးကို ကြားရသလားလို့ မေးမြန်းလေ့ရှိ တယ်၊ ကျုပ်က ဘာခွေးအူသံမှ မကြားရပါဘူးလို့ပြောတော့ ကျုပ်မိတ်ဆွေ ဦးဘိုးစံက ကျေနပ်ပုံ မရဘူး၊ သူတို့မျိုးရိုးစဉ်ဆက် ဒုက္ခပေးလေ့ရှိတဲ့ ငရဲခွေးကြီးနဲ့ပတ်သက်ပြီး အစွဲအလမ်းကြီးပုံရ တယ်၊ ဦးဘိုးစံမသေမီ တစ်ပတ်လောက်တုန်းက သူ့ရဲ့အိမ်ကို လူနာကြည့်ဖို့သွားတော့ ခြံဝင်းထဲ မှာ ထိတ်လန့်တကြား ဖြစ်နေတဲ့ ဦးဘိုးစံကို မြင်လိုက်ရတယ်၊ ဦးဘိုးစံဟာ တစ်ကိုယ်လုံး ချွေးသီး ချွေးပေါက်တွေပြန်ပြီး မျက်လုံးပြူး မျက်ဆံပြူးနဲ့ ခြံပြင်ကို ကြည့်နေတယ် ”

ဟု ပြောလေရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ အချိန်က ဘယ်အချိန်လောက်ရှိပြီလဲ ဒေါက်တာ ”

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ဒေါက်တာဦးငွေစိုးက သက်ပြင်းချ၍

“ ဦးဘိုးစံကို ညနေစောင်းအချိန်မှာ လူနာကြည့်ပေးလေ့ရှိတယ်၊ အဲဒီနေ့က ကျုပ် နည်း နည်းနောက်ကျသွားတော့ ညနေ နေဝင်ရီတရော အချိန်ပေါ့ဗျာ၊ ကျုပ်က ဦးဘိုးစံကို ဖေးမလိုက်ပြီး ဦးဘိုးစံ ဘာဖြစ်နေတာလဲ၊ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေနဲ့ တဆတ်ဆတ်တုန်နေတာပဲလို့ ပြောတော့ ဦးဘိုးစံက ခြံပြင်ကို လက်ညှိုးထိုးညွှန်ပြပြီး အထစ်ထစ်အငေ့ါငေ့ါနဲ့ ငရဲခွေးကြီး၊ ငရဲခွေး ကြီးကို ခြံပြင်မှာ တွေ့လိုက်တယ်၊ ငရဲခွေးကြီး ကျုပ်ကိုလာချောင်းနေပြီ၊ ကျုပ်ကို သေမင်းဆီကို ပို့တော့မယ်လို့ အထိတ်တလန့် ပြောနေရှာတယ်၊ ကျုပ်လဲ အမှောင်ထဲမှာ လက်နှိပ်ဓာတ်မီးနဲ့ ထိုး ကြည့်တော့ ရွာပြင်ကို ရိပ်ခနဲ ပြေးထွက်သွားတဲ့ နွားပေါက်လိုအကောင်ကြီးတစ်ကောင်ကို တွေ့မိ လိုက်သလိုပဲ၊ ကျုပ်က ဦးဘိုးစံကို ဖေးမပြီးတော့ မကြောက်ပါနဲ့ဗျာ၊ ရွာထဲက နွားတစ်ကောင် ချုံ တိုးနေတာ ဖြစ်ပါလိမ့်မယ်လို့ နှစ်သိမ့်လိုက်မိတယ်၊ ဒါပေမဲ့ ကျုပ်ကိုယ်တိုင် ငရဲခွေးကြီးဖြစ်နေ မလားလို့ သံသယဝင်မိတယ်၊ အဲဒီ ညက ထိတ်လန့်တုန်လှုပ်နေတဲ့ ဦးဘိုးစံကို ည၉အတော်နက် တဲ့အထိ အားပေးစကားပြောနေရတယ်၊ အဲဒီ ညတုန်းက ဦးဘိုးစံဟာ သူတို့မျိုးရိုးစဉ်ဆက် ဒုက္ခ ပေးခဲ့တဲ့ ငရဲခွေးကြီးရဲ့ ကြောက်စရာဇာတကြောင်းကို ကျုပ်ကို ပြောပြခဲ့တယ်၊ ဂျမဒါမင်းထင်တို့ ဖတ်ရှုခဲ့တဲ့ မှတ်တမ်းကိုလဲ ကျုပ်လက်ကို အပ်ခဲ့တယ်ဗျ၊ ဒီမှတ်တမ်းကို ဦးဘိုးစံကိုယ်တိုင် ရေးသားပြုစုခဲ့တယ် ”

ဟု ပြောလေရာ ကျွန်ုပ်သည် ဒေါက်တာဦးငွေစိုး ပြောပြသော ကြောက်မက်ဖွယ် ငရဲခွေး ကြီးဆိုသည့် သတ္တဝါကြီးကို မျက်လုံးထဲတွင် မြင်ယောင်ပြီး ကျောထဲတွင် စိမ့်ခနဲဖြစ်သွားလေ၏။

လယ်ပိုင်ရှင် ဦးဘိုးစံ၏ ထူးဆန်းသော ဖြစ်ရပ်သည် ပရလောကနှင့် ဆက်စပ်နေသလော။

တောရွာများ၌ စုန်းတစ္ဆေနှင့် ပတ်သက်သော မယုံနိုင်ဖွယ် အကြောင်းအရာများကို ကြား သိဖူး၏။ ဒေါက်တာငွေစိုးက ဆက်လက်၍

" ကျုပ်လူနာ ဦးဘိုးစံက ဒီအချိန်ကစပြီး အမြဲလိုလို ထိတ်လန့်တုန်လှုပ်နေတဲ့အတွက် ရွာမှာ မနေဘဲ မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ဖို့ အကြံပေးခဲ့တယ်၊ ဦးဘိုးစံ ဘုရားဖူးထွက်ဖို့ ပြင် ဆင်ပြီးကာမှ သေဆုံးသွားရရှာတယ်၊ ကျုပ်ရဲ့လူနာ သေဆုံးမှုအတွက် ကျုပ် ဒီနေ့အထိ နားမလည် နိုင်ခဲ့ဘူး၊ ဦးဘိုးစံ သေဆုံးခြင်းဟာ ပရလောကနဲ့ ဆက်စပ်နေသလားလို့တောင် ထင်မြင်မိ ပါတယ်"

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က စိတ်ဝင်တစား နားထောင်၍

" ဦးဘိုးစံ သေဆုံးတဲ့ညက ဒေါက်တာအနီးမှာရှိမှာပေါ့ "

ဟု မေးမြန်းလိုက်လေ၏။

ဒေါက်တာဦးငွေစိုးက ခေါင်းညိတ်၍

" ကျုပ် ညစာစားနေတုန်း ဦးဘိုးစံသတင်းကြားလို့ ကမန်းကတန်း ပြေးလိုက်သွားတယ်၊ ရွာပြင်မှာ သရဲလျှိုကြီးအနီးမှာ ဦးဘိုးစံ ဂမ်းလျားမှောက်လျက်သား သေဆုံးနေရှာတယ်၊ လက် ချောင်းတွေက မြေကြီးထဲကို အတင်းကုပ်ကတ်ထားတယ်၊ သေခါနီး မှာ အတော်လေး ထိတ်လန့် တုန်လှုပ်နေပုံရတယ်၊ ဂမ်းလျားမှောက်နေတဲ့ သူ့မျက်နှာကို လှည့်ကြည့်လိုက်တော့ အလွန်ထိတ် လန့်တုန်လှုပ်ပြီး သေဆုံးသွားပုံရတယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" ဦးဘိုးစံ သေဆုံးခြင်းနဲ့ပတ်သက်လို့ ဒေါက်တာ သိထားတာ ဘာများရှိသေးသလဲ "

ဟု မေးမြန်းလိုက်၏။ ဒေါက်တာငွေစိုးက လေသံတိုးတိုးဖြင့်

“ သတင်းစာထဲမှာ မပါတဲ့အကြောင်းအရာတစ်ခုကို ကျုပ် မြင်တွေ့ခဲ့ရတယ်ဗျ၊ ဦးဘိုးစံရဲ့ အလောင်းနဲ့ မလှမ်းမကမ်းမှာ အလွန်ကြီးမားတဲ့ ခွေးဘီလူးတစ်ကောင်ရဲ့ခြေရာကို တွေ့ခဲ့ ရတယ်”

ဟု ပြောလေရာ ဒေါက်တာငွေစိုး၏ စကားကြောင့် ကျွန်ုပ်၏ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား လေ၏ ။

ဦးဘိုးစံ သေဆုံးခြင်းသည် ပရလောကနှင့် ဆက်စပ်နေချေပြီ။ ဂျမဒါမင်းထင်က မျက်မှောင် ကြုတ်၍

“ ခွေးတစ်ကောင်ရဲ့ခြေရာဆိုတာ သေချာလို့လား၊ ကျားခြေရာတွေ ဘာတွေ မဖြစ်နိုင် ဘူးလား ”

ဟု မေးမြန်းလေ၏ ။ ဒေါက်တာငွေစိုးက ခေါင်းခါယမ်း၍

“ ကျုပ်လဲ အမဲလိုက် ဝါသနာပါတဲ့လူတစ်ယောက်ပါ၊ ကျားခြေရာရဲ့ ခွေးခြေရာကို ကောင်း ကောင်းခွဲခြားတတ်ပါတယ် ”

ဟု ပြောလေ၏ ။

ကျွနုင်ပ်သည် ဒေါက်တာငွေစိုး၏ စကားများကို နားထောင်၍ ကြက်သီးများ ထလာသလို ခံစားရလေ၏ ။ ဂျမဒါမင်းထင်က စိတ်ဝင်တစား နားထောင်ရင်း

“ ခွေးဘီလူးကြီးရဲ့ ခြေရာကို ဒေါက်တာတစ်ယောက်တည်း တွေ့တာလား၊ အခြားရွာသား တွေလဲ မတွေ့ဘူးလား ”

ဟု မေးမြန်းလေ၏ ။ ဒေါက်တာငွေစိုးက ခေါင်းခါယမ်း၍

“ ကျုပ်တစ်ယောက်တည်း သတိထားမိတာဗျ၊ ကျုပ်က ဦးဘိုးစံတို့ မျိုးရိုးစဉ်ဆက်မှာ ခွေး ဘီလူးကြီးတစ်ကောင်က အန္တရာယ်ပြုတဲ့အကြောင်းကို သိနေခဲ့တယ်လေ၊ ဦးဘိုးစံကိုယ်တိုင် ရေး တဲ့ မှတ်တမ်းကလဲ ကျုပ်ဆီမှာ ရှိတယ်၊

ဒါကြောင့် သတိထားပြီး ခြေရာရှာကြည့်တာပါ ”

ဟု ပြောလေ၏။ ထိုအခါ ဂျမဒါမင်းထင်က သက်ပြင်းချ၍

“ ဦးဘိုးစံ ဆုံးတဲ့ညက ရာသီဥတုအခြေအနေ ဘယ်လိုရှိသလဲ၊ မိုးရွာသေးလား ”

ဟု မေးမြန်းလေ၏။ ဒေါက်တာငွေစိုးက ခေါင်းခါယမ်း၍

“ မိုးမရွာပါဘူး၊ အဲဒီ ညက ရာသီဥတု ကောင်းမွန်ပါတယ် ”

ဟု ပြောလေ၏။

ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ ဦးဘိုးစံရဲ့ အလောင်းကို တွေ့ရတဲ့ ပတ်ဝန်းကျင်ကို ပြောပြပါဦး ”

“ သရဲလှိုဏ်ကြီးရဲ့ အနီးက မြေကမူလေးပေါ်မှာ တွေ့တာပါ၊ အလောင်းရဲ့ တစ်ဖက်မှာ မြက်ခင်းစိမ်းစိမ်းလေးတွေ ပေါက်နေပါတယ် ”

ဟု ပြောလေ၏။

ဂျမဒါမင်းထင်က ခေါင်းညိတ်၍

“ ဦးဘိုးစံဟာ အိမ်ဝင်းထဲကနေ ဘယ်လိုဖြစ်ပြီး သရဲလှိုဏ်ကို ရောက်သွားရတာ လဲ ”

ဟု မေးမြန်းလေ၏။ ဒေါက်တာငွေစိုးက သက်ပြင်းချ၍

“ အဲဒီ ညက ထူးခြားတာစတ်ခုက ဦးဘိုးစံဟာ အိမ်ရဲ့ အရှေ့ပေါက်က ထွက်သွားတာ မဟုတ်ဘူးဗျ၊ ဦးဘိုးစံရဲ့ ကျန်းမာရေးအခြေအနေကို စိတ်မချလို့ ညနေစောင်း လမ်းလျှောက်တဲ့ အချိန်တိုင်း အိမ်ဝင်းထိပ်မှာ တပည့်မောင်စိုးကို စောင့်ကြည့်ခိုင်းထားတယ်၊ မောင်စိုးဟာ ဦးဘိုးစံ အိမ်ရှေ့တံခါးက ထွက်မလာဘူးလို့ အခိုင်အမာ ထွက်ဆိုတယ်၊ အနောက်ဘက်အပေါက်က

ထွက်သွားတဲ့ ခြေရာလက်ရာတွေကိုလဲ တွေ့ရတယ် ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ ဦးဘိုးစံ တိတ်တဆိတ် ထွက်သွားတယ်ဆိုတဲ့ သဘောပေါ့၊ အနောက်ဘက်ခြံစည်းရိုးမှာ ဘယ်လိုခြေရာလက်ရာတွေ့ရသလဲ ”

ဟု မေးမြန်းလေ၏။ ဒေါက်တာငွေစိုးက သက်ပြင်းချ၍

“ ဦးဘိုးစံ အနောက်ဘက်တံခါးက မင်းတုပ်ကိုဖွင့်ထားတဲ့ ခြေရာလက်ရာတွေ့တယ်၊ နောက်ပြီးတော့ တံခါးနားမှာ ဦးဘိုးစံသောက်လေ့ရှိတဲ့ နွားတံဆိပ်ဆေးလိပ်တိုလေးနဲ့ ဆေးလိပ်ပြာ ပုံလေးတွေ တွေ့ရတယ်ဗျ၊ ဦးဘိုးစံဟာ ခြံထဲက ထွက်သင့်မထွက်သင့် စဉ်းစားပြီး ချီတုံချတုံ ဖြစ် နေပုံရတယ် ”

ဟု ပြောလေရာ ဂျမဒါမင်းထင်က ရယ်မော၍

“ ဒေါက်တာရဲ့ စုံထောက်ဉာဏ်ရည်က ဘယ်ဆိုးလို့လဲ၊ ဒေါက်တာ အလုပ်ကနားရင် ကျုပ် တို့နဲ့အတူ စုံထောက်အလုပ် လုပ်လို့ရနေပြီ ”

ဟု ပြောဆိုလေရာ ကျွန်ုပ်တို့အားလုံး ရယ်မောလိုက်ပြီး

ဂျမဒါမင်းထင်သည် ဦးဘိုးစံ၏ သေဆုံးခြင်းအကြောင်းကို ရေးသားထားသော သတင်းစာ ဖြတ်ပိုင်းကို တစ်ဖန်ပြန်လည်၍ ဖတ်ရှုကြည့်လိုက်ပြီး

“ ဦးဘိုးစံ ဆုံးတာ သုံးလရှိသွားပြီဗျ၊ အဲဒီ တုန်းက ဒီအမှုကို ကျုပ်လိုက်ရရင် သိပ်ကောင်း မှာပဲ ”

ဟု ရေရွတ်လေရာ ဒေါက်တာဦးငွေစိုးက ခေါင်းညိတ်၍

“ ကျုပ်အပြစ်ပါပဲဗျာ၊ အရင်ကတည်းက ဂျမဒါမင်းထင်နဲ့ လာတွေ့ရင် ဘယ်လောက် ကောင်းမှာလဲ၊ ဦးဘိုးစံ သေဆုံးရတာ ဟာ အလွန်ထူးခြားဆန်းကြယ်လွန်းလို့ ပရလောကနဲ့ မမြင် ရတဲ့ တန်ခိုးစွမ်းအင်တွေနဲ့

သက်ဆိုင်နေသလားဆိုပြီး ချီတုံချတုံ ဖြစ်နေတာနဲ့ အခုလို ကြာသွား တာပါ ”

ဟု ပြောလေ၏။ ကျွန်ုပ်က ဒေါက်တာဦးငွေစိုး၏ စကားကို တစ်ချိန်လုံးထိုင်၍ နားထောင် နေရာမှ

“ ဦးဘိုးစံ သေဆုံးမှုမှာ ပါဝင်တဲ့ ကြောက်စရာကောင်းတဲ့ ငရဲခွေးကြီးဆိုတာ မြင်ဖူးတဲ့လူ ရှိလား ”

ဟု မေးမြန်းလေ၏။ ဒေါက်တာငွေစိုးက စိတ်လှုပ်ရှားဟန်ဖြင့် ခေါင်းညိတ်၍

“ ကျုပ်ပြောဖို့ မေ့သွားတယ်ဗျာ၊ ဦးဘိုးစံသေဆုံးပြီးတဲ့နောက်မှာ ကျွဲပေါက်လောက်ရှိတဲ့ ခွေးနက်ကြီးတစ်ကောင်ကို မြင်ဖူးတဲ့ နွားကျောင်းသားတွေရှိတယ်၊ နွားကျောင်းသားတစ်ယောက် ဆိုရင် အရောင် ပြိုးပြိုးပြက်ပြက် ဝင်းလက်နေတဲ့ ငရဲခွေးကြီးလို့ ကယောင်ကတန်းအော်ပြီး လန့်ဖျား ဖျားသွားတယ်၊ ဒီအချိန်ကစပြီး အုန်းတောရွာတစ်ရွာလုံး ညဥ့်အချိန်မှာ သရဲလျှိုကြီးဘက်ကို ဘယ်သူမှ မသွားဝံ့တော့ဘူး၊ နေ့အချိန်တောင် သရဲလျှိုဘက်ကို ဖြတ်လျှောက်ဝံ့တဲ့သူ မရှိဘူး၊ မတတ်သာလို့ သရဲလျှိုဘက်ကို ဖြတ်လျှောက်မိတဲ့သူဟာ ကြက်သီး တဖြန်းဖြန်း ထတယ်ဆိုပဲဗျ ”

ဟု ပြောလေ၏။ ထိုအခါ ဂျမဒါမင်းထင်က ဒေါက်တာငွေစိုးကိုကြည့်၍

“ ဒေါက်တာ ကျုပ်ဆီကို လာတွေ့တဲ့အကြောင်းက ဘာလဲ ”

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ဒေါက်တာငွေစိုးက ခေါင်းညိတ်၍

“ ဒီလိုပါဗျာ၊ သေသူဦးဘိုးစံဟာ လူပျိုကြီးဆိုတော့ အမွေဆက်ခံမယ့် သားထောက်သမီးခံ မရှိဘူး၊ ဦးဘိုးစံမှာ ဘိုးမှန်နဲ့ ဘိုးစျာန်ဆိုတဲ့ ညီနှစ်ယောက်တော့ ရှိပါတယ်၊ ဦးဘိုးစျာန်ကတော့ အညာဘက်မှာ ပေတေလေလွင့်ပြီး သေဆုံးပြီလို့ ကြားရတယ်၊ ဦးဘိုးမှန်ကလဲ မရှိတော့ဘူး၊ ဦးဘိုးမှန်ရဲ့သား မောင်စိန်သောင်း

တစ်ယောက်ပဲ ကျောင်းတက်နေတယ်၊ မနက်ဖြန် နံနက်မှာ မောင်စိန်သောင်း ဘိလပ်ကပြန်လာမယ်လို့ ကြေးနန်းရထားတယ်ဗျ၊ မောင်စိန်သောင်းဟာ ရိုးသား ပြီး ပညာကို ကြိုးစားသင်ယူနေတဲ့ ကလေးတစ်ယောက်ပါ၊ မောင်စိန်သောင်း ဘိလပ်ကပြန်လာရင် ဦးဘိုးစံရဲ့အမွေ့ပစ္စည်းတွေကို ဆက်ခံပြီး ဦးဘိုးစံတို့ဆွေမျိုးစုတွေလို အဖြစ်ဆိုးနဲ့ ကြုံမှာတော့ ကျုပ်စိုးရိမ်တယ်ဗျာ၊ ကျိန်စာသင့်နေတဲ့ အိမ်ကြီးမှာ အလွန်ထူးခြားဆန်းကြယ်ပြီး ကြောက်စရာ ကောင်းတဲ့ အဖြစ်ဆိုးကြီးတွေ ဖြစ်လိမ့်မယ်လို့ ကျုပ်ထင်နေတယ် ”

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

“ ဒေါက်တာရဲ့အမှုကို ကျုပ် အလွန်စိတ်ဝင်စားသွားပြီ၊ ဒါကြောင့် အဖြစ်မှန်ကို မရ ရအောင် ဖော်ထုတ်ဖို့ ကျုပ် ဆုံးဖြတ်လိုက်ပြီ ”

ဟု ဆိုလိုက်ရာ ဒေါက်တာငွေစိုး၏ မျက်နှာ ဝင်းပသွားပြီး

“ ဝမ်းသာလိုက်တာဗျာ၊ ဂျမဒါမင်းထင်သာ အဖြေရှာရင် ထူးခြားဆန်းကြယ်တဲ့ လျှို့ဝှက် ချက်တစ်ခုကို တွေ့ရမှာ သေချာပါတယ်၊ မနက်ဖြန် ဘိလပ်ကပြန်လာတဲ့ မောင်စိန်သောင်းကို ကြိုပြီးရင် ဂျမဒါမင်းထင်ဆီကို ခေါ်လာခဲ့မယ် ”

ဟုပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

“ ကြောက်စရာကောင်းတဲ့ ငရဲခွေးကြီးကို မြင်လိုက်ရတယ်ဆိုတဲ့ နွားကျောင်းသားတွေ ဟာ အခုအချိန်မှာ မြင်ရသေးသလား ”

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ဒေါက်တာငွေစိုးက ခေါင်းခါယမ်း၍

“ ငရဲခွေးကြီးကို မြင်တယ်လို့ပြောတဲ့သူ မရှိတာကြာပြီဗျ၊ ဦးဘိုးစံ သေဆုံးပြီးတော့ ငရဲခွေး ကြီး ပျောက်သွားပြီလား မသိဘူး၊ သြော် . . . ပြောဖို့တစ်ခု ကျန်သေးတယ်၊ ဦးဘိုးစံ သေဆုံးတဲ့ ညက ရွာက အမဲလိုက် မုဆိုးတစ်ယောက်

မှတ်ချက်ချတာက ဦးဘိုးစံဟာ တောစပ်ကို ရောက် တော့ ရိုးရိုးလမ်းမလျှောက်ဘဲ ခြေဖျားထောက်ပြီး သွားခဲ့တယ်ဆိုပဲဗျ ”

ဟု ပြောလေရာ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

“ ခြေဖျားထောက်ပြီး သွားတယ်ဆိုတာ အိမ်ဘက်ကိုသွားတာလား၊ တောစပ်ကို သွား တာလား ”

ဟု မေးမြန်းလိုက်၏ ။ ဒေါက်တာငွေစိုးက

“ တောဘက်ကို သွားတယ်ဆိုပဲဗျ၊ အတော်ထူးဆန်းတဲ့ဖြစ်ရပ်ပဲ၊ ဘာပဲဖြစ်ဖြစ် ဂျမဒါမင်း ထင် စုံစမ်းမယ်ဆိုရင် အဖြေတစ်ခုခု တွေ့မယ်လို့ ယုံကြည်တယ် ”

ဟု ဆိုကာ ကျွန်ုပ်တို့ကို နှုတ်ဆက်ပြီး အိမ်ပေါ်မှ ပြန်ဆင်းသွားလေ၏ ။

*

ဂျမဒါမင်းထင်က ဒေါက်တာငွေစိုး၏ နောက်ကျောကို ကြည့်၍

“ အမှုက လွယ်မယောင်နဲ့ အတော်ခက်မယ့် အမှုမျိုးပဲဗျ၊ ကျုပ်ကိုယ်တိုင် အုန်းတောရွာကို ဆင်းပြီး စွန့်စားခန်းဖွင့်ရလိမ့်မယ်၊ ဒီနေ့တော့ ဦးဘိုးစံသေဆုံးတဲ့အမှုကို ကျုပ်သေသေချာချာ သုံးသပ် ကြည့်ဦးမယ်ဗျာ ”

ဟု ပြောလေ၏ ။

ဂျမဒါမင်းထင်သည် ထူးခြားနက်နဲသော အမှုများကို တစ်ကိုယ်တည်း လေးနက်စွာတွေး၍ အကြိမ်ကြိမ်အဖန်ဖန် သုံးသပ်တတ်၏ ။

ထိုသို့သောအချိန်များ၌ ကျွန်ုပ်သည် ဂျမဒါမင်းထင်အတွက်

အနှောင့်အယှက်ဖြစ်မှာစိုး သဖြင့် ရန်ကုန်မြို့ထဲသို့ သွားရောက်လည်ပတ်နေတတ်၏ ။ ထို့ကြောင့် အဝတ်အစားများကို လဲ လှယ်၍

“ ဂျမဒါတစ်ယောက်တည်း လွတ်လွတ်လပ်လပ်တွေးပြီး နေပေတော့ဗျို့ ”

ဟုဆိုကာ ရန်ကုန်မြို့ထဲသို့ ထွက်ခွာခဲ့လေ၏ ။

*